လဲဝန်းကျေးရွာ

ဥတ္တရသီရိမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လဲဝန်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

## ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **လဲဝန်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်** | ၄ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၅ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၅ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၅ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၆ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၇ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၇ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၇ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆။ | **ပညာရေး** | ၈ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၈ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၉ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၀ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | **၁၁** |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | **၁၂** |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | **၂၇** |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | **၂၉** |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ်အထိ(၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုး

ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဩဂုတ်လ၊ ၂၀၁၉

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**လဲဝန်းရွာ**
**ဥတ္တရသီရိမြို့နယ်**

**လဲဝန်းကျေးရွာ သယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်**



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လဲဂန်းကျေးရွာသည် ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၏ မိုးစွေကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့တောင်ဘက်တွင် မိုးစွေကျေးရွာ၊ အနောက်ဘက်တွင် ငွေးချိုကျေးရွာတို့နှင့် ကျေးရွာချင်းဆက် လျှက်တည်ရှိနေပါသည်။ နေပြည်တော်-တောင်တွင်းကြီးကားလမ်းမဘေးတွင်တည်ရှိပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး ဗမာလူမျိုးအများစု နေထိုင်ကြောင်းတွေ့ရှိရသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာသည် မြေပြန့်ဒေသတွင်ရှိပြီး ရာသီဥတုမှာ အပူပိုင်းမုတ်သုံရာသီဥတုဖြစ်ပါသည်။ အပူချိန်မှာ ပျမ်းမျှ(၂၉)ခန့်ရှိပြီး ပျမ်းမျှမိုးရေချိန် ၁၀ လက်မ မှ ၄၁ လက်မ အတွင်းရွာသွန်းလေ့ရှိသည်။ မြေအမျိုးအစား မှာလည်း သဲ၊ ကျောက်မှုံရောနှောလျက်ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၆၉) ဧက၊ ယာမြေ(၁၂၆)ဧကနှင့် ဥယျာဉ်မြေ(၁၁)ဧက၊ စုစုပေါင်း(၂၀၆)ဧက ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် လူမှုရေးအဖွဲ့(ကျား-၇ဦး)၊ အမျိုးသမီးအဖွဲ့ (မ - ၅ဦး)သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ မီးသတ်အဖွဲ့(ကျား- ၆ဦး)သည် ကျေးရွာ၏မီးဘေးအန္တရာယ်ကွာကယ်ရေး လုပ်ငန်းများတွင်

အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ ကျောင်းကော်မတီအဖွဲ့(ကျား - ၉ဦး)၊ စာကြည့်တိုက်ကော်မတီအဖွဲ့ (က - ၇ ဦး) တို့ သည် ကျေးရွာ၏ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ မီးလင်းရေးကော်မတီ (က - ၈ ဦး) သည် ကျေးရွာ၏ မီးလင်းရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်လျှက်ရှိပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသော်လည်း အဖွဲ့အစည်းအချင်းချင်းလည်း ချိတ်ဆက်မှုနှင့် ဦးဆောင်မှုစွမ်းရည်လည်း အားနည်းသည်ကို တွေ့ရသည်။ ထို့ကြောင့် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ မှတ်တမ်းနှင့် စာရင်းဇယားစနစ်တကျ ရေးသွင်းမှု၊ စနစ်တကျ ထိန်းသိမ်းမှု၊ အဖွဲ့အစည်း အချင်းချင်းချိတ်ဆက်မှုစသည့် စွမ်းဆောင်ရည်မြှင့်ရေး သင်တန်းများ ရရှိနိုင်ပါက အဖွဲ့အစည်း ဆိုင်ရာ စီမံအုပ် ချုပ်မှုများ တိုးတက် ကောင်းမွန်လာမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

သရက်တောကျေးရွာတွင် ၂.၅ ကေအောက် ဆင်းရဲသားတောင်သူ (၄၀) အိမ်ထောင်စု၊ ၂.၅ ကေမှ ၅ ကေကြား တောင်သူငယ် (၃၂) အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ ကေကြား တောင်သူလတ် (၂၆) အိမ်ထောင်စု၊ ၁၂.၅ ကေ အထက် တောင်သူကြီး (၂) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် မတ်ပဲသီးနှံကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး ရေလုံလောက်မှု နည်းပါးပါသည်။ စပါး အထွက်နှုန်းမှာ တစ်ကေ ပျမ်းမျှ (၇၅) တင်းသာရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ရေစုပ်စက် (၇) လုံးနှင့် မြက်ရိတ်စက်(၁)လုံးရှိပါသာသည်။ အဖွဲ့ပိုင်ခြွေလှေ့စက်များဖြင့်လည်း စုပေါင်းလုပ်ကိုင်နေကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များကိုလည်းမြို့နှင့် အလှမ်းဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူမရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတစ်ဆင့် ရောင်းချခြင်းကြောင့် အကျိုးအမြတ်နည်းသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စု များပြားပြီး တစ်ပိုင်တစ်နိုင် အနေဖြင့် မွေးမြူကြသည်။ မွေးမြူထားသော အကောင်ရေမှာ နွား ၁၆၄ ကောင်၊ နို့စားနွား၃ကောင်၊ ကျွဲ ၇၃ကောင်၊ ဆိတ်၆၉ကောင်၊ ဝက် ၁၈၆ကောင်၊ ကြက် ၉၄၉ ကောင် နှင့်ဘဲ၂၃ကောင် မွေးမြူထားကြောင်းတွေ့ရှိရပါသည်။ မွေးမြူရေး၏ အဓိက အခက်အခဲမှာ နည်းပညာဝန်ဆောင်မှုအခက်အခဲ၊ ချေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှုမရှိ၊ အမြတ်အစွန်းရရှိမှုအခြေအနေ၊ သားငါးရောင်းချရာတွင် လွတ်လပ်စွာရောင်းချခွင့် မရခြင်း တို့ဖြစ်သည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းနှင့် ပါတ်သက်၍ လုပ်ကိုင်နိုင်သော လုပ်ငန်း မရှိကြပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စား အလုပ်သမား အနေဖြင့် ဝင်ရောက်လုပ်ကိုင်ခြင်း၊ စက်ချုပ်၊ အလှပြင်၊ ဈေးဆိုင်နှင့် ဈေးရောင်းခြင်း၊ ဆိုင်ကယ် အငှားလိုက်ခြင်းများသာရှိသည်။ ၎င်းလုပ်ငန်းများကို လုပ်ကိုင်ရာ တွင်လည်း အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်မရရှိခြင်း၊ လုပ်အားခနည်းခြင်းတို့ကြောင့် ဝင်ငွေ နည်းပါးသည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်းပညာ ကျွမ်းကျင်မှုလည်း နည်းပါးသည်။ အရင်းအနှီးလည်းနည်းပါးပြီး ချေးငွေလည်း လက်လှမ်း မမီကြပါ။ အသက်မွေးဝမ်းပညာသင်တန်းများတက်ရောက်ရန်နှင့် လုပ်ငန်း ထူထောင်ရန် လည်း ကုန်ကျစရိတ် နှင့် အရင်း အနှီး မတတ်နိုင်ကြပါ။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် အစိုးရငွေချေးစနစ်နှင့် ပါတ်သက်၍ စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမ ငွေချေးစနစ် တို့ရှိသည်။စိုက်ဘဏ်ချေးငွေသည် ကျေးရွာရှိတောင်သူများအနက်မှ ပုံစံ ၇ ရှိသော လယ်မြေများကိုသာ ထုတ်ချေးပေးသည်။ မိုးသီးနှံနှင့် ဆောင်းသီးနှံအတွက် ၂ ကြိမ် ချေးယူခွင့် ရှိသည်။ ချေးငွေရရှိပြီ ချေးငွေကာလမှာ မိုးသီးနှံအတွက် ၈ လ၊ ဆောင်းသီးနှံ အတွက် ၆ လဖြစ်သည်။ အတိုးနှုံးမှာ (၀.၈၅%) ဖြစ်သည်။ သို့သော် စိုက် ဘဏ်ချေးငွေမှာ

အချိန်မီထုတ်ချေးပေးခြင်းမရှိ၊ ကုန်ကျစရိတ်လုံလောက်မှုမရှိ၊ ကာလတို(ဖလ)ချေးငွေ၊ ပြန်ဆပ်ချိန်ကို အတိအကျ သတ်မှတ်ထားသောကြောင့် သီးနှံအောင်ပါက ဈေးကောင်း မစောင့်နိုင်ဘဲရောင်းချပြန်ဆပ်ရသည်။

ကျေးရွာအတွင်း ငွေတိုးချေးသူထံမှ ချေးငှါးရာတွင် အပေါင်ပစ္စည်းထားပြီး အတိုးနှုန်းမှာ ၁၀-၂၀% ဖြစ်သည့်အပြင် သီးနှံပေါ်ချိန် အမြန်ပြန်လည် ပေးဆပ်ရသောကြောင့် ဆင်းရဲသားများအတွက် ငွေချေးရာတွင် များစွာအခက်အခဲရှိသည်။ ယုံကြည်မှုလည်း နည်းသောကြောင့် အပေါင်ခံ ပစ္စည်းမရှိပါက ချေးငွေရရန် အခက်အခဲရှိသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး ၂၃ စီး၊ ဆိုင်ကယ် ၁၇၈ စင်း၊ ကား ၁၃ စီး၊ နွားလှည်း ၃စီး ရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင်သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကို အများစု အသုံးပြုကြသည်။

ကျေးရွာအတွင်းတွင် ကတ္တရာလမ်း (၁) လမ်းနှင့် မြေသားလမ်း (၅) လမ်းရှိပြီး ကတ္တရာလမ်းမှာ နေပြည်တော်-တောင်တွင်းကြီးလမ်းမဖြစ်ပြီး မြို့နှင့်အချိန်မရွေး ဆက်သွယ်သွားလာနိုင်ပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလ များတွင် လမ်းများ ပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါ သည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု (၁၉၂) စု ရှိပြီး၊ ဆိုလာစနစ်၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်း ရှိကြပြီး လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၁၀၃)စု ရှိပါသည်။ ကျေးရွာတွင် ထရန်စဖော်မာ တစ်လုံးသာရှိပြီး လျှပ်စစ်မီးအား အပြည့်အဝမရရှိသည့်အပြင် မီးပုံမှန် မလာသဖြင့်လည်း လုပ်ငန်းများနှောင့်နှေးခြင်း၊ ကျောင်းသားများ စာကြည့်ရာတွင်လည်း အခက် အခဲရှိသဖြင့် ထရန်စဖော်မာအိုးတစ်လုံး ထပ်မံလိုအပ်နေပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာနှင့် ပါတ်သက်၍ အိမ်တိုင်း နီးပါး တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း (၃၄၀) လုံး၊ ရေဒီယို ၅၉ လုံး၊ တီဗွီ ၇၅လုံးနှင့် စလောင်း ၁၀ ခု စသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနော ဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင် ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး မူလတန်းတက်ရောက်နေသော ဦးရေမှာ ၁၈၀ ယောက်၊ အလယ်တန်းကျောင်းနေအရွယ်မှာ ၁၅၆ ယောက်ရှိပြီး အထက်တန်းတက်ရောက်နေသော ဦးရေ ၄၈ ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ ၂၃ ဦးရှိသည်။ အထက်တန်းပညာကို မိုးစွေ အထက်တန်း(ခွဲ)ကျောင်းတွင်လည်းကောင်း၊ တက္ကသိုလ်ပညာအား ကျောက်ဆည်၊ မိတ္ထီလာ စသော မြို့များသို့ သွားရောက်သင်ယူ ကြသည်။ လက်ရှိကျေးရွာရှိ အလယ်တန်းကျောင်းခွဲအရွယ်မှာ အလျား ၁၂၀ပေ၊ အနံ၂၀ပေ၊ အမြင့်၁၂ပေ၊ သွပ်မိုး၊ ထရံကာ၊ အုတ်ခင်း အဆောင် ၂ ဆောင်ရှိသည်။ ကျောင်း ဆောင်နှင့် ပရိဘောဂ လုံလောက်မှုရှိသော်လည်း ကျောင်းယင်လုံအိမ်သာ၊ ကျောင်းသောက်ရေ၊ သင်ထောက်ကူပစ္စည်းနှင့် အားကစားပစ္စည်း လုံလောက်မှုမရှိကြပါ။ ကျောင်းခြံစည်းရိုးမကောင်းခြင်းကြောင့် ဆရာ/ဆရာမများနှင့် ကျောင်းသူ/သားများ ပညာသင်ယူရာတွင် လုံခြုံမှုမရှိ ပါ။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာအုပ်စုတွင်သာရှိပြီး အုပ်စုအတွင်းရှိကျေးရွာသူ/သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာဝန်ဆောင်မှုနှင့် ကျန်းမာရေး ပညာပေးများ ဆောင်ရွက်ပေးလျှက်ရှိသည်။ ကျေးရွာအတွင်းဆေးဝါးဆိုင်ရှိသော်လည်း ကျန်းမာရေးအသုံးအဆောင်နှင့် ဆေးဝါးပြည့်စုံမှုမရှိ။ အရေးပေါ်ဖြစ်ပါက ဥတ္တရသီရိမြို့နယ်ဆေးရုံနှင့် နေပြည်တော် ကုတင်(၁၀၀၀) ဆေးရုံသို့ သွားရောက်ကုသကြရသည်။ မြို့နှင့်အလှမ်းဝေးခြင်းကြောင့် ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း လိုအပ်လျှက်ရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် တွင်းနက်(၂)တွင်း၊ တွင်းတိမ် (၁၀)တွင်းနှင့် လက်နှိပ်တုံကင် (၂၅)ခုရှိသည်။ ရေတွင်းများမှာ တစ်နှစ်ပါတ်လုံး ရေလုံလောက်သော်လည်း အရည်အသွေး ကောင်းသော သောက်ရေသန့်ရရှိရန် လိုအပ်သည်။ ကျေးရွာတွင် အိမ်ထောင်စု ၁၇၅ အိမ်ရှိသော်လည်း ရေလောင်းယင်လုံအိမ်သာ ၃၀၀လုံးနှင့် တွင်းရှိအိမ်သာ(၃၅)လုံးရှိပြီး ကျန် ၁၀ အိမ်မှာ နီးစပ်ရာ အိမ်ဝိုင်း အတွင်းရှိ အိမ်သာများ ကို အသုံးပြုကြကြောင်း တွေ့ရှိရသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ဓါတ်မြေသြဇာများ အလွန်အကျွံ သုံးစွဲခြင်းနှင့် စိုက်နည်းစနစ် မှားယွင်းမှုကြောင့်လည်း မြေဆီသြဇာအန္တရာယ်ရှိမှု မြင့်ပါသည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်း ရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ

မစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမြင့်သည်။ သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့် သည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ပညာသင်ကြားရာတွင် အမျိုးသား များ နှင့် တန်းတူသင်ယူနိုင်သော်လည်း နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက လုပ်အား စိုက်ထုတ်မှုပေါ်မူတည်၍ ပိုမိုရ ရှိကြပါသည်။ အုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများ ပါဝင် ခြင်းမရှိဘဲ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှု ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ရှိပြီး အကြမ်းဖက်မှုနှင့် တရားမျှတမှု ဆိုင်ရာ အသိအမြင်များ လည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိကြောင်းလည်း တွေ့ရှိရပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - မိုးစွေ | | | ကျေးရွာအမည် - လဲဝန်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | လျှပ်စစ် | မဟာဓါတ်အားလိုင်း | 50KVထရန်စဖော်မာ(၁)လုံးနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း | |
| ၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း | |
| ၃ | ကျန်းမာရေး | အခြေခံကျန်းမာရေး ဝန်ဆောင်မှု | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | |
| ၄ | အခြေခံအဆောက်အဦ | သောက်သုံးရေ | အိမ်တိုင်ရေသွယ်စနစ်ဆောင်ရွက်ခြင်း | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ခုံများနှင့်ကျောင်းအိမ်သာပြုပြင်ခြင်း | |
| ၆ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း။ | |

နောက်ဆက်တွဲ (၁)

## မိုးစွေကျေးရွာအုပ်စု၊ လဲဝန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဆန်းမောင် | ဦးစံမာ | ၉/ပမန(နိုင်)၁၄၉၁၉၁ | ၆၃ | ဥက္ကဌ | ၀၉-၇၆၃၇၄၂၂၆ |
| ၂ | ဦးငယ် | ဦးဘိုချိ | ၉/ပမန(နိုင်)၀၆၇၄၉၀ | ၆၉ | အတွင်းရေးမှူး | ၀၉-၇၈၇၆၀၆၇၅ |
| ၃ | ဒေါ်နွယ်နွယ်ငွေး | ဦးလှမြင့် | ၉/ဥတသ(နိုင်)၀၁၀၁၄၃ | ၃၀ | စာရင်းကိုင် | ၀၉-၄၀၂၉၉၉၂၈၃ |
| ၄ | ဦးထွန်းဇော် | ဦးထွန်းဝေ | ၉/တကန(နိုင်)၀၂၄၈၁၈ | ၄၇ | ဘဏ္ဍာရေးမှူး | ၀၉-၇၈၄၄၂၁၀၇၇ |
| ၅ | ဦးမောင် | ဦးရွှေလှဲ့ | ၉/ဥတသ(နိုင်)၀၀၂၉၃၃ | ၆၅ | သော့ကိုင်(၁) | - |
| ၆ | ဒေါ်နော်ဂျူးမေဖော | ဦးစောထွန်းရင် | ၉/ပမန(နိုင်)၁၈၃၄၆၆ | ၃၁ | သော့ကိုင်(၂) | ၀၉-၄၂၀၇၀၀၁၁၈ |
| ၇ | ဒေါ်စန္ဒာဦး | ဦးသိန်းအောင် | ၉/တကက(နိုင်)၀၉၉၅၇၃ | ၃၈ | အဖွဲ့ဝင် | ၀၉-၇၈၅၃၅၄၃၉၉ |
| ၈ | ဦးတုတ်ကြီး | ဦးချစ်မြိုင် | ၉/တကန(နိုင်)၀၅၃၃၁၆ | ၆၇ | အဖွဲ့ဝင် | -- |
| ၉ | ဒေါ်သီသီဆွေ | ဦးလှဖြေ | ၉/တကန(နိုင်)၁၃၆၂၆၃ | ၃၀ | အဖွဲ့ဝင် | ၀၉-၇၉၃၄၈၅၃၀၉ |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၈ | ၂၁ | ၃၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၄၀ | ၆၉ | ၁၀၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၈၁ | ၈၃ | ၁၆၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၀၉ | ၇၅ | ၁၈၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၀၂ | ၄၁၆ | ၈၁၈ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၁၀ | ၃၇ |
| စုစုပေါင်း | | ၆၇၇ | ၆၇၄ | ၁၃၅၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၄၅ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိအိမ်ထောင်စု(၃၄၅)စုတွင် ကျား(၆၇၇)၊ မ(၆၄၇) စုစုပေါင်း(၁၃၅၁)ဦး ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာနေထိုင်ပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် သည် ကျေးရွာရှိ လူဦးရေပေါင်း၏(၆၀.၅၄%) ခန့် သည် လူငယ်များဖြစ်သဖြင့် လေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားနှင့် အမျိုးသမီးဦးရေသည် ပျှမ်းမျှညီမျှပါသည်။

### (၂) သဘာဝရင်းမြစ်နှင့် ရာသီဥတု

### (၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိနိုင်မှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/ မြစ်/စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၆၉ | သင့် | ရ | မိုးရေ |
| ယာမြေ | ၁၂၆ | သင့် | ရ | မိုးရေ |
| ဥယျာဉ်ခြံမြေ | ၁၁ | သင့် | ရ | မိုးရေ |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |

| | | | | |
|---|---|---|---|---|
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| **စုစုပေါင်း** | ၂၀၆ | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်မြေဧက(၆၉)ဧက၌ မိုးရာသီတွင် စပါးကိုစိုက်ပျိုးကြပြီး ကျန်ရာသီများတွင်မတ်ပဲ၊ နှမ်းစသည့် သီးနှံများအားစိုက်ပျိုးကြသည်။ ယာမြေများတွင် ကြံ၊မြေပဲ စသည့်သီးနှံများ စိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။ ရေသွင်းမြောင်းများပြုလုပ်၍ စိုက်ပျိုးရေ ရရှိအောင် ဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

## (၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးချနိုင်မှု** (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ကျောက်မီးသွေး၊သဲ)စသည် | မရှိ | |
| **အခြားသဘာဝအရင်းအမြစ်များ** | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | |
| အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော) | မရှိ | |
| **ပျမ်းမျှအပူချိန်-၂၉°C** | **ပျမ်းမျှမိုးရေချိန်-၂၆လက်မ** | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် တွင်းထွက်သယံဇာတများမရှိပါ။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်းအမည်** | **အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | **အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| ၁ | လူမှုရေးအဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး ☐ | အဖွဲ့ဝင်(၇)ဦးရှိပြီး ကျေးရွာ၏ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင် ၍ စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။ |
| ၂ | အမျိုးသမီးအဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၅)ဦးရှိပြီး ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများကို ဆောင်ရွက်၍ စွမ်းဆောင်ရည်မှာ အသင့်အတင့်ရှိပါသည်။ |
| ၃ | အရံမီးသတ်တပ်ဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | အဖွဲ့ဝင်(၆)ဦးရှိပြီး ကျေးရွာ၏ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်၍ စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။ |
| ၄ | ကျောင်းကော်မတီ | ၁☐ ၂√ ၃☐ | ပညာရေး √ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၉)ဦးရှိပြီး ပညာရေးကဏ္ဍတွင် လိုအပ်ချက်များအား ဆောင်ရွက်ပေး၍ စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။ |
| ၅ | စာကြည့်တိုက်ကော်မတီ | ၁☐ ၂√ ၃☐ | ပညာရေး √ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၇)ဦးရှိသော်လည်းကျေးရွာသူ/သားများအနေဖြင့်စိတ်ဝင်စားမှုနည်းပါးသောကြောင့် စွမ်းဆောင်ရည်နည်းပါးသည်။ |
| ၆ | မီးလင်းရေးကော်မတီ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၈)ဦးရှိပြီး ကျေးရွာမီးလင်းရေးအတွက် ရန်ပုံငွေများကောက်ခံ၍ ဆောင်ရွက်ပြီး စွမ်းဆောင်ရည်မှာကောင်းမွန်ပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း (၆) ဖွဲ့ရှိသည်။ ၄င်းတို့အနက် လူမှုရေးကို အခြေခံသောအဖွဲ့ (၁) ဖွဲ့၊ ပညာရေးကိုအခြေခံသောအဖွဲ့ (၁)ဖွဲ့၊ ကျန်းမာရေးကို အခြေခံသောအဖွဲ့(၂)ဖွဲ့နှင့် လုံခြုံရေးကိုအခြေခံသောအဖွဲ့(၁)ဖွဲ့ရှိသည်။ ၄င်းအဖွဲ့များ၏ အဖွဲ့ဝင်အရေအတွက်ကို လေ့လာ

ကြည့်ရာတွင် လူမှုကူညီရေးအဖွဲ့၊ ဘာသာရေး အဖွဲ့နှင့် မူဝါဒအရဖွဲ့စည်းထားသော အမျိုးသမီး ရေးရာအဖွဲ့မှလွဲ၍ ကျန်အဖွဲ့များဖွဲ့စည်းရာ တွင် အမျိုးသမီးများ ပါဝင်ခွင့်အလွန်နည်းသည်ကို တွေ့ရသည်။

**(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(၄-၁) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၄၀ | ၁၄၀ | ၁၀၃ | ၆၂ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏(၂၉.၈၅%) မှာ မပြေလည်သောအိမ်ထောင်စုနှင့် (၁၇.၉၇%)အလွန်မပြေလည်သောအိမ်ထောင်များဖြစ်ကြပြီး (၁၁.၅၉%) မှာ အဆင်ပြေသောအဆင့်နှင့် (၄၀.၅၇%)မှာ အလယ်အလတ်အဆင့်အိမ်ထောင်စုများဖြစ်ကြ ပါသည်။ မပြေလည်သော အိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများအနေဖြင့် မြေယာပိုင်ဆိုင်မှု မရှိခြင်း၊ ဂင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အတတ်ပညာများ တတ်မြောက်မှုနည်းပါခြင်းနှင့် အရင်းအနှီး မရှိခြင်းတို့သည် အဓိကအခက်အခဲ များဖြစ်ကြသည်။

**(၄-၂) သီးနှံထုတ်လုပ်ရေး**

**(၄-၂-၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| **စဉ်** | **မြေပိုင်ဆိုင်မှုအရွယ်အစား** | **အိမ်ထောင်စု အရေအတွက်** | **ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်** |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၄၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၄၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၃၂ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၂၆ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၂ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၃၄၅** | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်မြေယာမပိုင်ဆိုင်သောအိမ်ထောင်စု(၂၄၅)စုရှိပြီး မြေယာ ပိုင်ဆိုင်သော

အိမ်ထောင်စုမှာ(၁၀၀)စုရှိပါသည်။ မြေယာမပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်းတွေ့ရှိရပါသည်။

## (၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | အကျိုးအမြတ်ရရှိမှု(နည်း/သင့်/များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | မှ | ထိ | |
| စပါး | ၆၉ | တင်း | ၆၀ | ၈၀ | ၇၅ | ၆လ ပိုင်း | ၁၀လ ပိုင်း | သင့် |
| မြေပဲ | ၁၀၀ | တင်း | ၃၀ | ၅၀ | ၄၀ | | | သင့် |
| မတ်ပဲ | ၂၆ | တင်း | ၁၅ | ၂၀ | ၁၇ | | | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ဆန်စပါးကိုသာ အဓိကထားစိုက်ပျိုးပြီး အထွက်နှုန်းမှာ ပျမ်းမျှ(၇၅)ရှိ ကြောင်းတွေ့ရှိရပါသည်။ အခြားသီးနှံများဖြစ်သည့် မြေပဲနှင့်မတ်ပဲစသည့် သီးနှံများ၏ အထွက်နှုန်း မှာလည်း ရာသီဥတု အလိုက် ပြောင်းလဲလျှက်ရှိပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် အကျိုး အမြတ်မှာ အသင့်အတင့်ရှိပါသည်။

## (၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၆၀ | ၁၆၄ |
| နို့စားနွား | ၂ | ၃ |
| ကျွဲ | ၃၀ | ၇၃ |
| မြင်း | ၂ | ၃ |
| မြည်း | | |
| လား | | |
| ဆိတ် | ၁၀ | ၆၉ |
| သိုး | | |
| ဝက် | ၁၀၅ | ၁၈၆ |
| ကြက် | ၇၂ | ၉၄၉ |
| ဘဲ | ၃ | ၂၃ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်နွား(၁၆၄)ကောင်၊ နို့စားနွား(၃)ကောင်၊ ကျွဲ(၇၃)ကောင်၊ မြင်း(၃)ကောင်၊ ဝက်(၁၈၆)ကောင်၊ ကြက်(၉၄၉)ကောင်၊ ဆိတ်(၆၉)ကောင်နှင့် ဘဲ(၂၃)ကောင်မွေးမြူထားကြောင်း တွေ့ရှိရ ပါသည်။ မွေးမြူရေးအား စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍တပိုင်တနိုင်လုပ်ကိုင်ကြပြီး တချို့အိမ်ထောင်စုများတွင် စီးပွားဖြစ် မွေးမြူကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် ဈေးကွက်လည်းရှိကြောင်းတွေ့ရှိရပါပြီး ရာသီအလိုက်ဖြစ်ပွား တတ်သောရောဂါများ အထူးသဖြင့်ဝက်မွေးမြူရေးတွင် ဝက်နားရွက်ပြာရောဂါသည် အဖြစ်များပြီး သေဆုံးပျက်ဆီးမှု များအထိရှိကြောင်းတွေ့ရှိရပါသည်။

## (၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်း နှင့်ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၅ | ၁၀ | ၁၀ | |
| ၃ | လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေးရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း | ၉ | ၉ | ၉ | |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၄ | ၅ | ၅ | |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ) | ၁ | ၁ | ၁ | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၃၀ | ၃၀ | ၃၀ | |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | ၁ | ၁ | ၁ | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၂ | ၂ | ၂ | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း | | | | |

| | | | | | |
|---|---|---|---|---|---|
| | (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၁ | ၁ | |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | ၅၅ | ၆၀ | ၆၀ | |
| | စုစုပေါင်းအသက်မွေးဝမ်းလုပ်ကိုင်သူဦးရေ- **၁၁၉** | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု**

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ ဝင်ငွေရလုပ်ငန်းများ အဖြစ် ပန်းရံ၊ လက်သမား၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ စက်ချုပ်လုပ်ငန်းများ၊ အစိုးရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ကျေးရွာတိုးတက်မှုအတွက် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်းနှင့် ချေးငွေများ ရရှိအောင်ဆောင်ရွက်ပေးလျှင် အဆင်ပြေနိုင်ပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

